မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


အမှတ် ၂၃ ] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်) } သောကြာနေ့ [ အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှု အခက်အခဲများ မရှိစေရေးအတွက် **ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

( ဇ ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဈ ) ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

( ဋ ) ဦးမင်းမင်း အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကုန်သွယ်စီးပွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ရေဆိပ်၊ လေဆိပ်များနှင့် နယ်စပ်ကုန်သွယ်မှုစခန်းနေရာများအားလုံး၌ အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းများ မှန်ကန်မြန်ဆန်မှုရှိစေရေးအတွက် အဓိကကျသောလုပ်ငန်းစဉ်များအပေါ်တွင် မူဝါဒများ ချမှတ်ခြင်း၊ စံသတ်မှတ်ချက်လုပ်နည်းစနစ် (SOP) များ သတ်မှတ်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခ ) ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များသည် အများပြည်သူကုမ္ပဏီလုပ်ငန်းရှင်များ ရှင်းလင်းလွယ်ကူစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် One Stop Service Committee (OSSC) အဖွဲ့များကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် သမားရိုးကျလုပ်ငန်းစဉ်များအပေါ် ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက်ထိခိုက်စေသည့် ကုန်သွယ်ရေးလိုငွေပြမှုမဖြစ်ပေါ်စေရေးအတွက် မလိုအပ်သောကုန်ပစ္စည်း (Non–essential Commodity) များ တင်သွင်းခြင်းအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများကို ထိရောက်စွာ တားဆီးဆောင်ရွက်ခြင်း၊

( င ) ကုန်သွယ်စီးပွားဆိုင်ရာ တရားဝင်ငွေကြေးစီးဆင်းမှုအတွက် ဘဏ်လုပ်ငန်းများ စနစ်တကျ မှန်ကန်မြန်ဆန်ချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲခြင်း၊

( စ ) တရားမဝင်ကုန်သွယ်မှု မဖြစ်ပေါ်စေရေးအတွက် အလေးထား၍ စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) ကုန်သွယ်မှုလုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများအပေါ်လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှု အခက်အခဲများ မရှိစေရေးအတွက် **ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

| | | |
|---|---|---|
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ငွေကြေး)<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဋ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ် (၁) ဦး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဒ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံတောင်သူလယ်သမားစိုက်ပျိုးရေးနှင့်<br>စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ<br>အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း၊

(ခ) ကုန်သွယ်မှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေးအတွက် ဗဟိုကော်မတီကချမှတ်ထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းကော်မတီအတွင်း၌ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီအတွင်း အဆုံးအဖြတ်မပြုနိုင်သည့်ကိစ္စရပ်များကို ဗဟိုကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(ဃ) လုပ်ငန်းကော်မတီ၏ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့တင်ပြခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုခံယူခြင်း၊

(င) ထူးခြားဖြစ်စဉ်နှင့် အရေးပေါ်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဗဟိုကော်မတီသို့တင်ပြခြင်း၊

(စ) လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ခွဲဝေသတ်မှတ်သည်-

(၁) **ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။** ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများကို ထိန်းကျောင်းကြပ်မတ်နိုင်ရေးနှင့် ကုမ္ပဏီများနှင့်သက်ဆိုင်သည့် အချက်အလက်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း။

(၂) **အကောက်ခွန်ဦးစီးဌာန**

(ကက) အကောက်ခွန်ဆိပ်ကမ်း ရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များ လျင်မြန်ချောမွေ့စေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂဂ) ပို့ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်များ အပြည့်အဝရရှိရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃဃ) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အဟန့်အတားဖြစ်စေသည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊

(ငင) ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေနိုင်သည့် အခြေအနေအကြောင်းအခြင်းအရာများ ဖြစ်ပေါ်လာပါက ကော်မတီဝင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စစ) ဖြစ်ပေါ်လာနိုင်သော ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာနိုင်သည့် အလားအလာကိစ္စရပ်များရှိပါက လုပ်ငန်းကော်မတီ တာဝန်ရှိသူများထံ ကြိုတင်တင်ပြခြင်းနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ကြိုတင်စီမံဆောင်ရွက်ထားရှိခြင်း။

(၃) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

(ကက) အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ပြည်ပကုန်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) ရေကြောင်းပြစနစ်များ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဂဂ) ပြည်ပပို့ကုန်/ သွင်းကုန်အဝင်အထွက် သင်္ဘောများ၏ ဝင်ရောက်/ထွက်ခွာမှုနှင့် ဆိုက်ကပ်သည့်ဆိပ်ကမ်းစာရင်းများ ပြုစုတင်ပြခြင်း၊

(ဃဃ) ပို့ကုန်/သွင်းကုန် ကုန်စည်စာရင်းများကို သင်္ဘောအမည်နှင့်ယှဉ်တွဲပြုစုတင်ပြခြင်း၊

(ငင) ကုန်တင်ကုန်ချလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် လျင်မြန်ချောမွေ့စေရေး စနစ်တကျ စီမံခန့်ခွဲခြင်း၊

(စစ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ထုံးလုပ်နည်းမူဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးခြင်း၊

(ဆဆ) ကုန်တင်ကုန်ချဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော ယန္တရားများနှင့် လုပ်သားများလုံလောက်စွာရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(၄) **စိုက်ပျိုးရေးဦးစီးဌာန**

(ကက) ပြည်ပသို့တင်ပို့မည့် လယ်ယာထွက်ကုန်ပစ္စည်းများ အပင်ပိုးမွှားဆိုင်ရာထောက်ခံချက်ပေးခြင်း လုပ်ငန်းကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခခ) အပင်ပိုးမွှားဆိုင်ရာ ပို့ကုန်ထောက်ခံချက် ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂဂ) ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ တင်သွင်းခွင့်ဆိုင်ရာ ထောက်ခံချက်များ နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီစဉ်ဆောင်ရွက်ခြင်း။

(၅) **ငါးလုပ်ငန်းဦးစီးဌာန။** ပြည်ပသို့တင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ တင်ပို့ခွင့်ဆိုင်ရာ ပို့ကုန်ထောက်ခံချက်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး လျင်မြန်ချောမွေ့စေရေးအတွက် ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရပါမည်။

(၆) **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန။** ပြည်ပသို့တင်ပို့မည့် မွေးမြူရေးထွက်ကုန်ပစ္စည်းများ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီရေး ကျန်းမာရေးစံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိစေရေးအတွက်လည်းကောင်း၊ တင်ပို့ခွင့်ဆိုင်ရာ ထောက်ခံချက်များနှင့်ပတ်သက်၍လည်းကောင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရပါမည်။

(၇) **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန။** ကုန်သွယ်မှုလုပ်ငန်းများနှင့်ဆက်စပ်နေသော လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဆိုင်ရာလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ခြင်း။

(၈) **အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

(ကက) အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခခ) ဆိပ်ကမ်းကုန်တင်ကုန်ချဆိုင်ရာ လုပ်သားများနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(၉) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

(ကက) ကုန်သွယ်မှုလုပ်ငန်းများ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ငွေကြေးမူဝါဒဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ခြင်း၊

( ခခ ) နိုင်ငံခြားငွေလဲနှုန်းများ တည်ငြိမ်ရေးအတွက် ပြည်တွင်းဘဏ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ဂဂ ) ဘဏ်များ၏ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃဃ) ကုန်သွယ်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် ငွေကြေးစီးဆင်းမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်ချောမွေ့စေရေးကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၀) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**

(ကက) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်သော လုံခြုံရေးအကာအကွယ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊

( ခခ ) တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ တားဆီးထိန်းချုပ်ဆောင်ရွက်ခြင်း၊

( ဂဂ ) လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအကာအကွယ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၁) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။** ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် စုံစမ်းစစ်ဆေးရန်လိုအပ်သည့် ကိစ္စရပ်များအား ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၂) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

(ကက) ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအတွင်း လိုအပ်သောဌာနများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခခ ) တရားမဝင်ကုန်သွယ်မှု ကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဂဂ ) သက်ဆိုင်ရာနယ်မြေများအတွင်း ငွေကြေးဈေးကွက် တရားမဝင်ဖြစ်ပေါ်မှုမရှိစေရေးနှင့် ငွေကြေးလဲလှယ်မှုဆိုင်ရာဈေးကစားမှုများ မဖြစ်ပေါ်စေရေး နယ်မြေသတင်းစုံလင်စွာရယူပြီး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(၁၃) **ပြည်တွင်းအခွန်များဦးစီးဌာန။** သတ်မှတ်ထားသည့် နိုင်ငံတော်အခွန်ဘဏ္ဍာများ အပြည့်အဝရရှိစေရေး တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း။

(၁၄) **ဥပဒေရေးရာဝန်ကြီးဌာန။** ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ အကြံဉာဏ်များပေးခြင်း။

(၁၅) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။** ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ သင့်တော်ကောင်းမွန်သော လုပ်ငန်းအစီအစဉ်များကို ကော်မတီသို့အကြံပြုခြင်း။

(၁၆) **ကုန်သွယ်ရေးဦးစီးဌာန**

(ကက) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

( ခ ခ ) ပို့ကုန်/ သွင်းကုန်ဆိုင်ရာ လိုင်စင်များထုတ်ပေးခြင်း၊

( ဂ ဂ ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃဃ) တရားမဝင်ကုန်သွယ်မှုများမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ခြင်း၊

( င င ) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များအား တစ်ဦးလျှင် လစာငွေအဖြစ် ကျပ် (၅) သိန်းနှင့် မော်တော်ယာဉ်တစ်စီး (စက်သုံးဆီအပါအဝင်) တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေမှကျခံသုံးစွဲရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ထွန်းမင်း<br>ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၂) ဒေါ်သန္တာလေး<br>ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းမပြုရသေးသော မော်တော်ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းမပြုရသေးသော မော်တော်ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန်အတွက် **မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းမပြုရသေးသောမော်တော်ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဝန်ကြီး<br>လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) တပ်ဖွဲ့မှူး အဖွဲ့ဝင်
ယာဉ်ထိန်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းမပြုရသေးသောမော်တော်ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များအနက်မှ မှတ်ပုံတင်လုပ်ငန်းလာရောက်ဆောင်ရွက်ခြင်းမရှိသေးသည့် မော်တော်ယာဉ်များအား မှတ်ပုံတင်ဆောင်ရွက်ရန်၊

(ခ) မှတ်ပုံတင်ဆောင်ရွက်ပေးရန် ကာလသတ်မှတ်ခြင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက မှတ်ပုံတင်ခြင်းကို လုံးဝဆောင်ရွက်ပေးမည်မဟုတ်ကြောင်းအား အများပြည်သူသိရှိနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာရန်၊

(ဂ) ကုန်သွယ်ရေးဦးစီးဌာနက ယာဉ်တင်သွင်းခွင့်လျှောက်ထားလာသည့် ယာဉ်ပိုင်ရှင်အမည်/ ကုမ္ပဏီအမည်နှင့်လိပ်စာများ စိစစ်ပေးရန်နှင့် တိကျစွာရရှိလာပါက အဆိုပါလိပ်စာများသို့လည်း လုပ်ငန်းလာရောက်ဆောင်ရွက်ရန်အတွက် အကြောင်းကြားစာပေးပို့ဆောင်ရွက်ရန်၊

(ဃ) ကနဦးမှတ်ပုံတင်ခြင်းကို ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးသည့် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး) ရုံးများအပြင် လုပ်ငန်းသုံးယာဉ်နှင့် စက်ယန္တရားများအတွက် နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများတွင် လက်ခံဆောင်ရွက်ရန်၊

(င) သတ်မှတ်ကာလကျော်လွန်သည်အထိ မှတ်ပုံတင်လာရောက်ဆောင်ရွက်ခြင်းမရှိသောယာဉ်များအား အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုပါက တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၈၅၊ ပုဒ်မခွဲ (က) တွင် **မှတ်ပုံတင်ထားခြင်းမရှိသောမော်တော်ယာဉ်ကို သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူဆိုင်ရာ အပါအဝင် မည်သည့်နေရာတွင်မျှ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရ** ဟု

ပြဋ္ဌာန်းထားပြီး ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေပုဒ်မ ၉၅ အရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရန်၊

( စ ) သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ခြင်းမရှိသည့် မော်တော်ယာဉ်များ စစ်ဆေးတွေ့ရှိရပါက ယာဉ်အား နိုင်ငံပိုင်သိမ်းဆည်းနိုင်ရေးနှင့် သုံးစွဲသူအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနသို့ ယာဉ်တင်သွင်းခွင့်လျှောက်ထားလာသည့် ယာဉ်ပိုင်ရှင်အမည်/ ကုမ္ပဏီအမည်နှင့် လိပ်စာများအား ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များသို့ပေးပို့ရန်နှင့် အရေးယူဆောင်ရွက်ရန်။

(ပုံ)　မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် e-Government စနစ်အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| ( င ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( စ ) | ဝန်ကြီး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ဇ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသား e-Government ဦးဆောင်ကော်မတီမှချမှတ်သည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ e-Government စနစ်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကွပ်ကဲကြပ်မတ်ခြင်း၊

(ခ) လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအစီအစဉ်သတ်မှတ်ရေးဆွဲ၍ လိုအပ်သော ဘဏ္ဍာငွေလျာထားချက်များနှင့်အတူ ဦးဆောင်ကော်မတီသို့ တင်ပြခြင်း၊

(ဂ) သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) e-Government ဝန်ဆောင်မှုများအား သုံးစွဲသူများမှ လွယ်ကူစွာနှင့် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) e-Government စနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် ICT အခြေခံအဆောက်အဦနှင့် အခြားအထောက်အကူပြုအစီအမံများ ပိုမိုပြည့်စုံလာစေရန် ဦးဆောင်စီမံခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ (၁)
အလုပ်သမားဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်အရာရှိကြီး (၁) ဦး<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အတွင်းရေးမှူး |

( ဒ ) အမြဲတမ်းအတွင်းဝန် အလုပ်သမားဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများသည် ရန်သူကြောင့် မသန်မစွမ်းဖြစ်မှု EA1၊ EA2 နှင့် NEA များကို အမြဲတမ်းစစ်မှုထမ်းများနည်းတူ စစ်ရေးချုပ်ရုံးကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး အစီအစဉ်ဖြင့် အမြဲတမ်းစစ်မှုထမ်း EA များနည်းတူ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်ပေးရန်၊

( ခ ) အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများနုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှုခံယူ လို မလို ဆန္ဒအလျောက် လျှောက်ထားတင်ပြစေပြီး ပြန်လည်နေရာချထားမှုခံယူလိုသူများအား ၎င်းတို့ဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် နိုင်ငံတော်နှင့်တပ်မတော်မှ အသက်မွေးသင်တန်းများပေးနိုင်ရေး ဆောင်ရွက်ပေးရန်၊

( ဂ ) ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှသက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများအား အဆင့်မီစွာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဃ) ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား တက်ရောက်အောင်မြင်ခဲ့သည့် အသက်မွေးသင်တန်းကျောင်းမှ အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးရန်၊

( င ) အသက်မွေးသင်တန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များအား အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်း၊ ဌာနများမှ အသိအမှတ်ပြု၍ အလုပ်နေရာခန့်ထားပေးရေး ဆောင်ရွက်ပေးရန်၊

( စ ) အမြဲတမ်းစစ်မှုထမ်းများအတွက် တပ်မတော်ထွက်ခွင့်လက်မှတ် (တပ်မတော်ပုံစံ ရေး–၈၈) နှင့် ပြည်သူ့စစ်မှုထမ်းများအတွက် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ (၁၂) ကိုင်ဆောင်ထားသူများ ပြန်လည်နေရာချထားမှုခံယူလိုပါက သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများက ဦးစားပေးအလုပ်အကိုင်ခန့်ထားပေးနိုင်ရေး (ပြည်တွင်း/ ပြည်ပ အလုပ်အကိုင်များ) မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးရန်၊

(ဆ) ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းအလုပ်သမားကတ် (Labour Card)၊ ပြည်ပအလုပ်သမားကတ် (OWIC–Overseas Worker Identification Card) ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဇ ) တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသောပြည်သူ့စစ်မှုထမ်းများအနေဖြင့်ပြည်သူ့စစ်မှုမထမ်းမီတာဝန်ထမ်းဆောင်ခဲ့သော အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ ဝန်ထမ်းများဖြစ်ပါက စစ်မှုမထမ်းမီကာလက ထမ်းဆောင်ခဲ့သောအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရန်။

၃။ ကော်မတီသည် လိုအပ်ပါက ကော်မတီဥက္ကဋ္ဌ၏ညွှန်ကြားချက်ဖြင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ဝန်ကြီးဌာနများအား အစည်းအဝေးဖိတ်ကြားနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန် အတွက် **အရွယ်မရောက်သေးသူကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာန

(ခ) စစ်ဥပဒေချုပ် အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆ) တွဲဖက်စစ်ဥပဒေချုပ် အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး

(ဇ) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) တွဲဖက်စစ်ရေးချုပ် အတွင်းရေးမှူး
စစ်ရေးချုပ်ရုံး

(ဌ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး

၂။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တပ်မတော်စစ်သားစုဆောင်းရေးတပ်များ၊ တပ်ဌာနချုပ်များ၊ လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့များအနေဖြင့် တပ်သားသစ်များ စုဆောင်းရေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အမိန့်/ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိအောင် ကြပ်မတ်စိစစ်ရန်၊

(ခ) သတ်မှတ်ညွှန်ကြားချက်နှင့်အညီ စုဆောင်းရရှိသော တပ်သားသစ်များကို စစ်အခြေခံလေ့ကျင့်ရေး တပ်များ၏ သင်တန်းရွေးချယ်စိစစ်ရေးဘုတ်အဖွဲ့မှ လာရောက်ရွေးချယ်မှုကို ကြပ်မတ်ရန်၊

(ဂ) မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် စစ်မှုထမ်းရန် လာရောက်စာရင်းသွင်းသော လူငယ်များ ထဲမှ သတ်မှတ်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်ကိုက်ညီမှုမရှိသူများကို လက်ခံစာရင်းသွင်းခြင်း မပြုရန်၊

(ဃ) စနစ်တကျ ရွေးချယ်စိစစ်ပြီးသော တပ်သားသစ်များအား စစ်အခြေခံလေ့ကျင့်ရေးတပ်များ၌ လေ့ကျင့် သင်ကြားနေချိန်တွင်လည်းကောင်း၊ စစ်မှုထမ်းဆောင်နေချိန်တွင်လည်းကောင်း အသက် ၁၈ နှစ် မပြည့်သူများ၊ ဆန္ဒမရှိသူများကို စိစစ်တွေ့ရှိပါက မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်ရန်၊

(င) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများလုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကော်မတီ၏ လုပ်ဆောင်နေမှုများအား Media တွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ရန်၊

(ဆ) ကုလသမဂ္ဂအဖွဲ့အစည်းများမှ သတ်မှတ်ထားသော ကလေးသူငယ်များနှင့်သက်ဆိုင်သည့် စံချိန် စံညွှန်းများအား တပ်မတော်စစ်သား စုဆောင်းရေးတပ်နှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များရှိ တာဝန်ရှိသူများမှ သိရှိလိုက်နာနိုင်ရေးအတွက် အခါအားလျော်စွာ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဇ) တပ်မတော်အတွင်း သတ်မှတ်ချက်နှင့်မကိုက်ညီသော စစ်မှုထမ်းများမရှိအောင် ဆောင်ရွက်သွားရန်၊

(ဈ) အတင်းအကြပ်ခေါ်ယူစစ်မှုထမ်းဆောင်စေခြင်းမျိုးပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ရန်၊

(ည) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အရွယ်မရောက်သေးသည်ကိုသိလျက်နှင့် တပ်သားသစ် အဖြစ်လက်ခံခြင်းကိစ္စပေါ်ပေါက်ပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်၊

(ဋ) ကော်မတီ၏ ဆောင်ရွက်ချက်များကို အမြဲမပြတ် မှတ်တမ်းတင်သုတေသနပြုလုပ်ငန်းများဆောင်ရွက်ပြီး Policy Development ဖြစ်ရေး ဆောင်ရွက်ရန်၊

( ဌ ) ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေခြင်းတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်၍ လုပ်ဆောင်ချက်များတွင် ချို့ယွင်းအားနည်းချက်များရှိလာပါက သက်ဆိုင်ရာသို့ အသိပေးပြီး အချိန်မီပြုပြင်သွားစေရန်။

၃။ **မူ** အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**လွတ်ငြိမ်းချမ်းသာခွင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် **လွတ်ငြိမ်းချမ်းသာခွင့် စိစစ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယရဲချုပ် (၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယစစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |

(ဇ) အရာရှိကြီး (၁) ဦး — အတွင်းရေးမှူး
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

၂။ လွတ်ငြိမ်းချမ်းသာခွင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် ချမှတ်သင့်သော မူဝါဒများအား သုံးသပ်အကြံပြုတင်ပြရန်၊

(ခ) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် လျော်ကန်သင့်မြတ်မှုရှိသည့် နိုင်ငံသား/နိုင်ငံခြားသား အကျဉ်းသား/သူ များအား စိစစ်တင်ပြရန်၊

(ဂ) မည်သည့် အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တို့၏ ပယောဂများ၊ တိုက်တွန်းချက်များကြောင့်မဟုတ်ဘဲ စစ်မှန်သောရည်ရွယ်ချက်များနှင့်အညီ လွှတ်ပေးသင့် လွှတ်ပေးထိုက်သူများကိုသာ စိစစ်တင်ပြရန်၊

(ဃ) စိစစ်ရေးလုပ်ငန်းများအား သင့်လျော်သည့်အချိန်တွင် ကြိုတင်ဆောင်ရွက်ပြီး စာရင်းပြုစုတင်ပြရန်၊

(င) နိုင်ငံတော်သမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးမည့်နေ့ရက်အထိ အကျုံးဝင်သည့် အကျဉ်းသား/သူစာရင်းကို (၁၄)ရက်ကြိုတင်ပြုစု၍တင်ပြရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပဏာမစိစစ်နိုင်ရေးအတွက် **စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးချယ်အဆိုပြုထားသော ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** သို့ စိစစ်တင်ပြရန်၊

(ခ) ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများကို ရွေးချယ်တင်ပြရာတွင် လုပ်ထုံးလုပ်နည်းပါ စိစစ်ချက်များနှင့်အညီ စိစစ်တင်ပြရန်၊

(ဂ) အထူးချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သောကိစ္စရပ်များအတွက် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်နှင့်သင့်လျော်သည့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းရေးအတွက် စိစစ်တင်ပြရန်၊

(ဃ) လိုအပ်ပါက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(င) အဆိုပြုရွေးချယ်သည့်ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆိုပြုရွေးချယ်ခြင်းခံရသည့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားမေးမြန်းရန်နှင့် လိုအပ်သော အထောက်အထားများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကိုတောင်းခံရန်၊

(စ) စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်အပ်နှင်းရန်အတွက် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

၃။ ပဏာမစိစစ်ရေးအဖွဲ့၏ ဆုတံဆိပ်ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများအား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

### အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်သမ္မတရုံးသည် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရတိုက်ခိုက်ပြောဆိုခြင်းများကို ဥပဒေကြောင်းအရ တားမြစ်နိုင်ရေး၊ ဖော်ထုတ်အရေးယူနိုင်ရေးတို့အတွက် **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) ကိုယ်စားလှယ်တစ်ဦး　အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(စ) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဌာနကြီးမှူး　အဖွဲ့ဝင်
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒုတိယရဲချုပ် (၂)　အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) မှုခင်းရဲတပ်ဖွဲ့မှူး　တွဲဖက်အတွင်းရေးမှူး (၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ်　တွဲဖက်အတွင်းရေးမှူး (၂)
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်း စသည့်ဆောင်ရွက်မှုဖြစ်စဉ်များကို နည်းပညာကျွမ်းကျင်သည့် ပညာရှင်များပါဝင်သောအဖွဲ့ ဖွဲ့စည်းပြီး ၂၄ နာရီ စောင့်ကြည့်ရန်၊

(ခ) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရတိုက်ခိုက်ပြောဆိုခြင်းများကို ပို့စ်တင်ခြင်း၊ ထုတ်လွှင့်ခြင်း၊ မျှဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်းများ ဆောင်ရွက်နေမှုအပေါ် နည်းပညာအရ ရှာဖွေဖော်ထုတ်ပြီးတားမြစ်ရန်၊ ကျူးလွန်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူနိုင်ရေး ဆောင်ရွက်သွားရန်၊

(ဂ) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားဖော်ပြနေမှုများအတွက် အဖွဲ့ ဖွဲ့စည်းပြီး တန်ပြန်ဆောင်ရွက်ရန်၊

(ဃ) ကျူးလွန်သူများအသုံးပြုလျက်ရှိသော တယ်လီဖုန်းနံပါတ်များ ပိတ်သိမ်းနိုင်ရေး၊ ငွေရေးကြေးရေး ကိစ္စရပ်များအတွက် ၎င်းတို့အသုံးပြုလျက်ရှိသော ဘဏ်အကောင့်များ၏ အချက်အလက်များ၊ ငွေသွင်း၊ ငွေထုတ်မှတ်တမ်းများရယူခြင်းနှင့် ဘဏ်အကောင့်များ ယာယီတားဆီးခြင်းပြုလုပ်နိုင်ရေး ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

( င ) ကျူးလွန်မှုများအပေါ် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက တားမြစ်ပေးနိုင်ရေးအတွက် ကန့်ကွက်စာ၊ အကြောင်းကြားစာများ ပေးပို့ဆောင်ရွက်ရန်၊

( စ ) ကျူးလွန်သူများကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းမှ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူနိုင်ရေး အကြောင်းကြားရန်၊

(ဆ) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှု မရှိသည့် မဖွယ်မရာပုံများ၊ ဗီဒီယိုများနှင့် လိင်အသားပေးကိစ္စရပ်များတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများဆောင်ရွက်လျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ကြောင်း ပြည်သူလူထု သိရှိစေရေး၊ အသိပညာပေးခြင်းလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

( ဇ ) ကော်မတီအနေဖြင့် လိုအပ်သည့်အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ဆောင်ရွက် သွားရန်၊

( ဈ ) ကော်မတီအနေဖြင့် လိုအပ်သည့်လုပ်ငန်းကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား သတ်မှတ်ထားသောဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်နိုင်ရန် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | နာယက |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်　အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

( င ) ပြည်ထောင်စုဝန်ကြီး　အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

( စ ) တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်　အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး

(ဆ) တွဲဖက်စစ်ရေးချုပ်　အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

( ဇ ) ဒုတိယဝန်ကြီး　အတွင်းရေးမှူး
ပြည်ထဲရေးဝန်ကြီးဌာန

( ဈ ) ညွှန်ကြားရေးမှူးချုပ်　တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အရည်အချင်းအလိုက် ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် သတ်မှတ်ထားသော ဘွဲ့များ၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များအား ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

( ခ ) သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနာ့နုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းရန် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ အခန်း (၁၃) နှင့်အညီ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

( ဂ ) နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

( င ) ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားသည့် အခြေအနေတစ်ရပ်ရပ်အရ တိုက်ပွဲဝင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ကိစ္စရပ်များကို အခါအားလျော်စွာ အထူးအမိန့်ပြန်တမ်းထုတ်ပြန်လျက် ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

(စ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် ဆုတံဆိပ်၊ ဆုလက်မှတ်စသည့် ဆုချီးမြှင့်ခြင်းများဆောင်ရွက်ရာတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့အမည်၊ ဂုဏ်ထူးဆောင်တံဆိပ်အမည်နှင့် ပုံသဏ္ဍာန်များအား အသုံးပြုခြင်း၊ တူညီခြင်းမရှိစေရန် စိစစ်ရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများသတ်မှတ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး (အခြေခံပညာ)<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (မ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ဒေါက်တာ တိုးလှ<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ရ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး | အဖွဲ့ဝင် |
| (လ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) | အဖွဲ့ဝင် |
| (ဝ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (သ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဂီတပညာရှင်များအစည်းအရုံး | အဖွဲ့ဝင် |
| (ဟ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဗိသုကာကောင်စီ | အဖွဲ့ဝင် |
| (ဠ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | အဖွဲ့ဝင် |
| (အ) | ကိုယ်စားလှယ်တစ်ဦး<br>ရှေးဟောင်းသုတေသနပညာဌာန<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ကက) | ကိုယ်စားလှယ်တစ်ဦး<br>မနုဿဗေဒဌာန<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ခခ) | ကိုယ်စားလှယ်တစ်ဦး<br>သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>Bagan Heritage Trust | အဖွဲ့ဝင် |
| (ဃဃ) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>Pyu Heritage Trust | အဖွဲ့ဝင် |
| (ငင) | ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦး<br>Yangon Heritage Trust | အဖွဲ့ဝင် |
| (စစ) | ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဆဆ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်၊

( ခ ) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းတွင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်ပေးရန်၊

( ဂ ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သလို တင်ပြဆောင်ရွက်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ ရှေးဟောင်းဒေသများအနက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ် သတ်မှတ် သင့်သည့် ဒေသများနှင့် နယ်မြေအပိုင်းအခြားကို သတ်မှတ်ပြဋ္ဌာန်းပေးရန်၊

( င ) နိုင်ငံတော်အစိုးရက ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သင့်သည်ဟု ယူဆသော ရှေးဟောင်း နေရာ၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်မှတ်တမ်းတင်ရန်အတွက် လမ်းညွှန်ပေးရန်၊

( စ ) ယဉ်ကျေးမှုဒေသတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်း မြင်ကွင်းတစ်ခုတည်းဖြစ်၍ အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေတိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများအစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်း ကန့်သတ်ပေးရန်၊

(ဆ) နိုင်ငံတော်၏ယဉ်ကျေးမှုမူဝါဒဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို ဆောင်ရွက်ရန်အတွက် မူဝါဒများချမှတ်ပေးရန်၊

( ဇ ) လူငယ်ထုအတွင်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို စိတ်ဝင်စားတန်ဖိုးထား လေးစားစေရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအခြေခံမပျက်စေရေး ထိန်းသိမ်း ဆောင်ရွက်ရန်၊

( ဈ ) မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်၊ ဇာတ်တော်ကြီးများ၊ တိုင်းရင်းသားရိုးရာအက၊ ဂီတများနှင့် ပန်းဆယ်မျိုး အတတ်ပညာများ စသည်တို့ကို စဉ်ဆက်မပြတ် လေ့လာ၊ ဖော်ထုတ်၊ ထိန်းသိမ်း၊ ပြန့်ပွားစေရေးဆောင်ရွက်ရန်၊

(ည) မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေး ပိုမိုမြင့်မား လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

( ဋ ) တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆောင်ရွက်ရန်အတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရှာဖွေဖော်ထုတ်စာရင်းပြုစုရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊

(ဌ) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတင်သွင်းရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဦးဆောင်မှုနှင့် လမ်းညွှန်မှုပေးရန်၊

(ဍ) အမျိုးသားအမွေအနှစ်သတ်မှတ်ခြင်းနှင့် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းခြင်းတို့အတွက် ဦးဆောင်လမ်းညွှန်မှုပေးရန်၊

(ဎ) သဘာဝဘေးအန္တရာယ်ကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိခိုက်မှုမရှိစေရန်အတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်ခြင်းနှင့် ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်မှုနှင့် စနစ်တကျစီမံဆောင်ရွက်မှုတို့အတွက် ဦးဆောင်လမ်းညွှန်မှုပေးရန်၊

(ဏ) ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်အဆင့်၊ အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်သတ်မှတ်ပေးရန်၊

(တ) မြန်မာနိုင်ငံ၏ဒြပ်ရှိ၊ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေးအတည်ပြုပေးရန်၊

(ထ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသည့် ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်၊

(ဒ) အမျိုးသားပြတိုက်နှင့် ပြတိုက်များ တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်၊

(ဓ) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြတိုက်များတွင် ပြသထားသော ပြသပစ္စည်းများ စုဆောင်းထားရှိမှု၊ ခင်းကျင်းပြသပုံစနစ်၊ ပြတိုက်တည်ရှိရာဒေသခံပြည်သူများအပေါ် ပြတိုက်ပညာပေးရေးဆောင်ရွက်နိုင်မှု၊ အဆောက်အဦပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့အပေါ် အခြေခံကာ ပြတိုက်များကို အဆင့်သတ်မှတ်ပေးရန်၊

(န) သမိုင်းဝင်နေရာများ၊ အထိမ်းအမှတ်ရုပ်တု၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရှေးဟောင်းသုတေသနဆိုင်ရာအထိမ်းအမှတ်ဥယျာဉ်များ ဖော်ထုတ်တိုးချဲ့ သတ်မှတ်ဆောင်ရွက်ရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းကော်မရှင် ဖွဲ့စည်းခြင်း**

၁။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လူမှုစီးပွား အမှန်တကယ်အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစီမံကိန်းများကိုစိစစ်အတည်ပြုနိုင်ရန်အတွက် **တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းကော်မရှင်** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ခ ) အဖွဲ့ဝင်များ — အဖွဲ့ဝင်များ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ဂ ) ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးစီ — အဖွဲ့ဝင်
(လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု)

(ဃ) အတွင်းရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

၂။ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်၏ မူနှင့်ကိုက်ညီခြင်း ရှိ မရှိ စိစစ် အတည်ပြုခြင်း၊

( ခ ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည်ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊

( ဂ ) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိရောက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် လုပ်ငန်း စီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏရယူမည့် ဇာစ်မြစ်ကို လမ်းညွှန်မှုပြုခြင်း၊

(ဃ) တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အမျိုးသားစီမံကိန်း ကော်မရှင်သို့တင်ပြ၍ လမ်းညွှန်မှုတောင်းခံခြင်း၊

( င ) သဘောတူပြီးဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းစီမံကိန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

### တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များကို အထောက်အကူ ပြုရန်နှင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ကြီးကြပ် နိုင်ရန်အတွက် **တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ** ကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး — ဥက္ကဋ္ဌ
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| ( ခ ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | တိုင်းဒေသကြီး/ ပြည်နယ်အင်ဂျင်နီယာ<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ( ဋ ) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးဌာနမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ( ဎ ) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်/ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး<br>ကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်တစ်ဦး (လယ်ယာ)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်တစ်ဦး(စက်မှု)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ်တစ်ဦး (ဝန်ဆောင်မှု)<br>ပုဂ္ဂလိကကဏ္ဍ | အဖွဲ့ဝင် |
| ( ဒ ) | ရပ်မိရပ်ဖ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ( ဓ ) | တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးမှူး | အတွင်းရေးမှူး |
| ( န ) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသန္တရစီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်း ကော်မရှင်များသို့ မတင်ပြမီ စနစ်တကျ စိစစ်သုံးသပ်ရန်၊

(ခ) ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ဒေသအလိုက် ဦးစားပေးစီမံကိန်းများနှင့် ဆောင်ရွက်ရမည့်ဆီလျော်သည့် လုပ်ငန်းများအတွက် အစီအမံများထည့်သွင်းရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ကျေးရွာ/ ရပ်ကွက်အခြေခံသည့် သက်ဆိုင်ရာဒေသအသီးသီး၏ လူမှုစီးပွား အခြေအနေစာရင်းဇယားများ ပြည့်စုံခိုင်မာရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊

(ဃ) ခရိုင်အသီးသီးမှ တင်ပြလာသည့် စာရင်းဇယားများ မှန်ကန်တိကျစေရေးအတွက် စိစစ်ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်စာရင်းဇယားများအနေဖြင့် စုစည်းဆောင်ရွက်ရန်၊

(င) ဒေသန္တရစီမံကိန်းတွင် ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များပါရှိပါက လုပ်ငန်းစီမံချက်၏ အကျိုးအမြတ်ပြန်ရချက်၊ ဒေသအတွက် အကျိုးအမြတ်ဖြစ်ထွန်းမှု ရှိ မရှိ ကို စိစစ်ဆောင်ရွက်ရန်၊

(စ) ဒေသန္တရစီမံကိန်းအချိန်မီ ရေးဆွဲတင်ပြနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြလာသည့် စီမံကိန်းများကိုစိစစ်သုံးသပ်၍ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းကော်မရှင်သို့ တင်ပြရန်၊

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၏ လူမှုစီးပွားရေးအညွှန်းကိန်းများ ပြည့်စုံစွာရရှိရေးအတွက် ဆောင်ရွက်ရန်၊

(ဈ) တိုင်းဒေသကြီး/ ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ကြီးကြပ်ရန်၊

(ည) ခရိုင်နှင့် မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများတွင် ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခရိုင်/ မြို့နယ်စီမံကိန်းမှူးကို အတွင်းရေးမှူးအဖြစ်လည်းကောင်းထားရှိ၍ သက်ဆိုင်ရာဌာနများ၊ မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်လျက် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်သမ္မတရုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် သီးသန့်ရန်ပုံငွေတစ်ရပ်

ထူထောင်၍ဆောင်ရွက်သွားရန် **နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှု ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်မှုနှင့်အညီ လျင်မြန်စွာ အကျိုးရလဒ် (Quick Win) ရရှိနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော မတည်ရင်းနှီးငွေများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ခ) တာဝန်ယူဆောင်ရွက်မည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အရင်းမပျောက်မတည်ငွေ ထုတ်ပေးခြင်း၊ ထောက်ပံ့ငွေပေးခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရန်ပုံငွေသို့ ထပ်မံထည့်ဝင်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုသော စီးပွားရေးအားပေးမြှင့်တင်နိုင်မည့်လုပ်ငန်းများသို့ ရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးခြင်း၊

(င) ရန်ပုံငွေများကို ရန်ပုံငွေဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျသုံးစွဲခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(စ) ရန်ပုံငွေရရှိသုံးစွဲမှုစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများပါ သုံးသပ် အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ခြောက်လလျှင် တစ်ကြိမ် တင်ပြအစီရင်ခံခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

## သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့် သွင်းကုန်တန်ဖိုးများ စျေးနှုန်းမှန်ကန်မှုရှိစေရေး စိစစ် ဆောင်ရွက်နိုင်ရန်အတွက် **သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၂။ သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့်သွင်းကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းမှန်ကန်မှု ရှိ မရှိ နှင့် ကုန်ပစ္စည်းတင်သွင်းမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊

(ခ) သွင်းကုန်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုမဖြစ်ပေါ်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ရန်၊

(ဂ) သွင်းကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ကမ်းရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ကြပ်မတ်ရန်၊

(ဃ) သွင်းကုန်ဆိုင်ရာ အကောက်ခွန်များ အပြည့်အဝရရှိရေးအတွက် ကြီးကြပ်ကွပ်ကဲရန်၊

(င) သွင်းကုန်လုပ်ငန်းများအတွက် ငွေကြေးစီးဆင်းမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ငွေကြေးမူဝါဒဆိုင်ရာလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သွင်းကုန်ပစ္စည်းတန်ဖိုးမှန်ကန်မှုရှိစေရေး သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

၃။ သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့သည် အဖွဲ့ခွဲများနှင့် လုပ်ငန်းတာဝန်များကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄ (က) နှင့်အညီ **နယ်စပ်ဒေသနှင့်**

**တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယသမ္မတ (၂) | ဒုတိယဥက္ကဋ္ဌ |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး) | အဖွဲ့ဝင် |
| (၇) | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၀) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

### အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။　ပြည်ထောင်စုအစိုးရအဖွဲ့သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်အရ **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယသမ္မတ (၂) | ဒုတိယဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဖ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဗ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(ဘ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(မ) ဦးခင်မောင်ကျော် အဖွဲ့ဝင်
နာယက၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန

(ယ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

၂။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကိုအကျိုးရှိရှိ ထိရောက်စွာအသုံးချရေးနည်းပညာ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းလမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန် ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊

အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

၃။ ဗဟိုကော်မတီ၏ရုံးလုပ်ငန်းများကို စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယသမ္မတ (၁) — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၁)
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၂)
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (မ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အဖွဲ့ဝင် |
| (ဟ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး (၁၄ဦး) | အဖွဲ့ဝင် |
| (ဠ) | စစ်ဦးစီးအရာရှိချုပ် (ကြည်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (အ) | စစ်ဦးစီးအရာရှိချုပ် (ရေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | အဖွဲ့ဝင် |
| (ကက) | စစ်ဦးစီးအရာရှိချုပ် (လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) | အဖွဲ့ဝင် |
| (ခခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဂဂ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အဖွဲ့များဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သော လုပ်ငန်းများအနက် အရေးကြီးသော လုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) ပြည်ပမှ အကူအညီလိုသည်ဟု ဆုံးဖြတ်သောကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံတော်ပိုင် အရင်းအမြစ်များအား စီမံခန့်ခွဲလျက် လိုအပ်သောနေရာများသို့ ကူညီပေးခြင်း၊

( င ) ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အခက်အခဲ အဟန့်အတား မရှိစေရေးအတွက်လည်းကောင်း၊ ဘေးအန္တရာယ်ကြုံတွေ့နေချိန်နှင့် ကြုံတွေ့ပြီးချိန်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

## တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | နာယက |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဎ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(တ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ထ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဒ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဓ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ပ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဖ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား
ဆက်သွယ်ရေးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား
ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကော်မတီ ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းများကို အပြန်အလှန်အကျိုးရှိရှိ ဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် အထွေထွေ အလေ့အထနှင့် အဓိကကျသော ကိစ္စရပ်များကို အဆိုပြုခြင်းနှင့် လေ့လာခြင်း၊ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် အထောက်အပံ့ပြုနိုင်သောမူဝါဒများ ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် နားလည်မှုစာချွန်လွှာကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံအတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှု တို့ကို မြှင့်တင်ခြင်း၊

(ဂ) အဓိကစီမံချက်များ၊ လုပ်ငန်းကဏ္ဍများကို ဆုံးဖြတ်ခြင်းနှင့် လုပ်ငန်းစီမံကိန်းများ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) စီးပွားရေးစင်္ကြံဆိုင်ရာ လုပ်ငန်းတိုးတက်မှုအခြေအနေကို နှစ်ဖက်အစိုးရများသို့ အစီရင်ခံခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၉၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယဦးစီးမှူး ဦးသန်းနိုင်ထွန်း (တ/၃၉၂၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဒွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးလှရွှေ (တ/၃၆၆၉) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဋ္ဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ခုံရုံးလုပ်ငန်းတာဝန်များ၊ ဝန်ထမ်းရေးရာကိစ္စများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ခုံရုံးနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဝန်ထမ်းရေးရာကိစ္စများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးအောင်ဇော်သိန်း (ဥက္ကဋ္ဌ)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဉာဏ်ထွန်း (အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဦးမျိုးတင့် (အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ဆန်း (အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( င ) | ဦးတူးမော် (အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( စ ) | ဒေါ်စုစုဝင်း (အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |

(ဆ) ဒေါ်ဥမ္မာအေး (အဖွဲ့ဝင်) အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဇ) ဦးတင့်ဝေ (အဖွဲ့ဝင်) အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဈ) ဒေါက်တာ မာလာမော် (အဖွဲ့ဝင်) အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဋ) ဒုတိယအမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေနှင့် အခြားတည်ဆဲဥပဒေများက ပေးအပ်ထားသော တာဝန်များကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကြိုတင်စီစဉ်မှု၊ လေ့လာမှု၊ ဆွေးနွေးမှုများကို အပတ်စဉ်ပြုလုပ်ကြရမည်။

(ခ) ခုံရုံး၏ အမှုစစ်ဆေးကြားနာ ဆုံးဖြတ်ခြင်းဆိုင်ရာ ရုံးလုပ်ငန်းများတွင် စည်းစနစ်ကျစေရန် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် ဝန်ထမ်းများအား စာတွေ့၊ လက်တွေ့သင်ကြားပေးရမည်။

(ဂ) အမှုစိစစ်ခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းလုပ်ငန်းများအတွက်လည်းကောင်း၊ အခြားရုံးလုပ်ငန်းများအတွက်လည်းကောင်း၊ အထောက်အကူပြုမည့် စာအုပ်စာတမ်းများ၊ မှတ်တမ်းများ၊ သတင်းအချက်အလက်များကို စနစ်တကျစုဆောင်းထိန်းသိမ်းထားရှိရမည်။

(ဃ) အရာထမ်း၊ အမှုထမ်းများ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ကြီးကြပ်ခြင်း၊ စိစစ်ခြင်း၊ လမ်းညွှန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။

(င) အရာထမ်း၊ အမှုထမ်းများ ရာထူးတိုးခြင်း၊ စိစစ်အရေးယူခြင်း၊ အပြစ်ပေးခြင်းနှင့် ဆုပေး၊ ဒဏ်ပေးခြင်းကိစ္စများကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

(စ) အရာထမ်း၊ အမှုထမ်းများအရည်အသွေးတိုးမြှင့်ရေးအတွက် သုတေသနနှင့် လေ့ကျင့်ရေးလုပ်ငန်းများကို အစီအစဉ်များချမှတ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်။ ပြည်တွင်း ပြည်ပအဆင့်မြင့်သင်တန်းများ စေလွှတ်နိုင်ရေးစီစဉ်ဆောင်ရွက်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးမြင့်တင်ရေးအတွက် နည်းလမ်းများရှာကြံပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။

(ဆ) အရာထမ်း၊အမှုထမ်းများအေးချမ်းသာယာစွာတာဝန်ထမ်းဆောင်နိုင်ရေးအတွက် နည်းလမ်းများရှာကြံပြီး စီစဉ်ဆောင်ရွက်ပေးရမည်။

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဖွဲ့လိုက်စုစည်း၍လည်းကောင်း၊ ကျွမ်းကျင်ရာအလိုက် လုပ်ငန်းကဏ္ဍပိုင်းခြား၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

၄။ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်အသီးသီးသည် ဖော်ပြပါလုပ်ငန်းများအောင်မြင်ရန်အတွက် မိမိတို့ ကျွမ်းကျင်ရာကဏ္ဍများတွင် ဦးဆောင်ပါဝင်ကြရမည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အဖွဲ့ငယ်များဖွဲ့၍လည်းကောင်း၊ သင့်တော်ရာတစ်ဦးချင်းကို တာဝန်ပေး၍ လည်းကောင်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရန် လိုအပ်သော အကြောင်းကိစ္စများကို ဥက္ကဋ္ဌထံ ကြိုတင်တင်ပြရမည်။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၅/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

အောင်ဇော်သိန်း
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၁/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

### မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အဖွဲ့ဝင် (၁) ဒေါ်ခင်တုတ် ကို ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ် လိုက်သည်။

သန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၇၀/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(ည) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့မီးရထား

(ဋ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(ဌ) အမှုဆောင်အရာရှိချုပ် အဖွဲ့ဝင်
မြန်မာအမျိုးသားလေကြောင်း

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

(ဎ) ပါမောက္ခချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

(ဏ) ကျောင်းအုပ်ကြီး အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

(တ) ကျောင်းအုပ်ကြီး အဖွဲ့ဝင်
ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း

(ထ) ဒုတိယအမြဲတမ်းအတွင်းဝန် (ကုန်းလမ်း) အတွင်းရေးမှူး

၂။ သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပို့ဆောင်ရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်မှုများအား ပြည်သူလူထုမှ သိရှိစေရန် သတင်းထုတ်ပြန်ခြင်း၊

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့် သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှမေးမြန်းလာသည့်ကိစ္စများအားအချိန်နှင့်တစ်ပြေးညီဖြေကြားနိုင်ရေးဆောင်ရွက်ခြင်း။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ကာကွယ်ရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **ပညာပေးရေး၊ မှတ်တမ်းတင်ရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁) ဖွဲ့**

(၁) ဦးတင်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ခေါင်းဆောင်

(၂) ဦးဇော်ထက်၊ ဒုတိယညွှန်ကြားရေးမှူး နိုင်ငံတကာရေးရာဦးစီးဌာန — အဖွဲ့ဝင်

(၃) ဦးစန်းကို၊ ဦးစီးအရာရှိ ပြည်တွင်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ခ) **ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ (DE) အဖွဲ့ (၂) ဖွဲ့**

(၁) **အဖွဲ့ (၁)**

(ကက) ဦးမြတ်မင်း၊ လက်ထောက်အတွင်းဝန် ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ — အဖွဲ့ခေါင်းဆောင်

(ခခ) ဒေါ်နှင်းဆီကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး ပြည်တွင်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဂဂ) ဦးသိန်းသန်းထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ — အဖွဲ့ဝင်

(၂) **အဖွဲ့ (၂)**

(ကက) ဦးသက်ဦးထွန်း၊ ညွှန်ကြားရေးမှူး နိုင်ငံတကာရေးရာဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခခ) ဦးဇော်မျိုးဟန်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ — အဖွဲ့ဝင်

(ဂဂ) ဒေါ်ညိမ်းညိမ်းဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ — အဖွဲ့ဝင်

(ဂ) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂) ဖွဲ့**

(၁) **အဖွဲ့ (၁)**

(ကက) ဦးဘိုမြင့်၊ ညွှန်ကြားရေးမှူး ပြည်တွင်းရေးရာဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခခ) ဒေါ်မေကြည်၊ လက်ထောက်အတွင်းဝန် ဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ — အဖွဲ့ဝင်

(ဂဂ) ဦးငြိမ်းချမ်းကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး နိုင်ငံတကာရေးရာဦးစီးဌာန — အဖွဲ့ဝင်

(၂) **အဖွဲ့ (၂)**

(ကက) ဒေါက်တာ သူရိန်ဝင်း၊ ညွှန်ကြားရေးမှူး နိုင်ငံတကာရေးရာဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

( ခခ ) ဒေါ်အေးအေးခိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ကြီးရုံး၊ မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ — အဖွဲ့ဝင်

( ဂဂ ) ဦးစိုးဇော်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ပြည်တွင်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **ပညာပေးရေး၊ မှတ်တမ်းတင်ရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့**

(၁) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၊ သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့တို့၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အမြဲတမ်းအတွင်းဝန်မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးထံသို့ အစီရင်ခံတင်ပြပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားမှု/အကြံပြုတင်ပြမှုများနှင့် ယင်းတို့အပေါ် ဖြေရှင်းကိုင်တွယ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သတင်းထုတ်ပြန်ရန်၊

(၃) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို ဝန်ထမ်းများအားလုံး သိရှိလိုက်နာနိုင်ရေးနှင့် သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချသည့်အချိန်များတွင် ပူးပေါင်းပါဝင်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ရန်။

( ခ ) **ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ (DE) အဖွဲ့**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့မှ ပေးပို့လာသောကိစ္စရပ်များအပေါ်စိစစ်၍ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သော ဌာနဆိုင်ရာစစ်ဆေးမှုများ ဆောင်ရွက်ရန်၊

(၂) အဂတိလိုက်စားမှုမှန်ကန်ကြောင်းပေါ်ပေါက်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူနိုင်ရေး တင်ပြဆောင်ရွက်ရန်နှင့် လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်ရန်၊

(၃) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်မှု အခြေအနေများကို ပညာပေးရေး၊ မှတ်တမ်းတင်ရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ထံသို့ ဆက်လက်ပေးပို့ရန်။

( ဂ ) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့**

(၁) ဌာနများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းနယ်ပယ်များကို စောင့်ကြည့်လေ့လာရန်နှင့် စိစစ်ဖော်ထုတ်ရန်၊

(၂) ဌာနများအလိုက် အဂတိလိုက်စားမှုနှင့်သက်ဆိုင်သော တိုင်ကြားစာ/ အကြံပြုတင်ပြစာများရှိလာပါက စုံစမ်းစိစစ်၍ လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ထံသို့ စနစ်တကျလွှဲပြောင်းပေးပို့ရန်၊

(၃) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အပါအဝင် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၃။ ကာကွယ်ရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးခြင်း၊ အသိပညာပေးခြင်း၊ အဂတိလိုက်စားမှု ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်ခြင်းနှင့် မှတ်တမ်းတင် အစီရင်ခံတင်ပြခြင်း စသည့်လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ထွန်းအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) အမြဲတမ်းအတွင်းဝန် — အဖွဲ့ခေါင်းဆောင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

( ခ ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

( ဂ ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

( င ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

( စ ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့အာမခံလုပ်ငန်း

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန

( ဈ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

( ဠ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

( ဋ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပင်စင်ဦးစီးဌာန

( ဍ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

( ဎ ) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး

(ဏ) လက်ထောက်အတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး

၂။ သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတင်းများ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ထုတ်ပြန်နိုင်ရေး လက်အောက်ဌာနများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရန်၊

( ခ ) မိမိတို့ဌာန၊ အဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ဆောင်ရွက်သင့်သည့် အချက်အလက်များကို အများပြည်သူသိရှိနိုင်ရေး သတင်းထုတ်ပြန်ပေးရန်၊

( ဂ ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့် ကိစ္စများအား အချိန်နှင့်တစ်ပြေးညီ ဖြေကြားနိုင်ရေးဆောင်ရွက်ရန်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၆၅ /၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ဝင်း အား ၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ အပိုဒ် ၈၁ ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှ အစပြု၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

တင်မောင်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၇/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ ၅၈၅၂ ယာယီရဲမှူး နေဝင်း အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၈/၂၀၂၆)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှ လ ၁၇၆၉၈၈ ရဲအုပ် အောင်ကိုကို အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၉၄၆ အဖြစ်သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၂/၂၀၂၆)**

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး (၅) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | က ၃၇၉၃ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးမြတ်မျိုးလွင်<br>အင်္ဂါဘိုရော်ဘာစိုက်ပျိုးမွေးမြူရေးနှင့်<br>အသက်မွေးမှုအတတ်သင်စခန်း | ဒုတိယတာဝန်ခံအရာရှိ<br>ကသာအကျဉ်းထောင် |
| (၂) | က ၄၂၁၀ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးမိုးကျော်လွင်<br>ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့်<br>အသက်မွေးမှုအတတ်သင်စခန်း | ဒုတိယတာဝန်ခံအရာရှိ<br>ပခုက္ကူအကျဉ်းထောင် |
| (၃) | က ၄၀၉၄ ဒုတိယကြီးကြပ်ရေးမှူး<br>ဒေါ်ဖြိုးဖြိုးထက်<br>သာယာဝတီဗဟိုအကျဉ်းထောင် | ဦးစီးအရာရှိ<br>မကွေးဗဟိုအကျဉ်းထောင် |
| (၄) | က ၃၉၆၈ ဒုတိယကြီးကြပ်ရေးမှူး<br>ဒေါ်ခင်လှမျိုး<br>ကျောက်ဖြူအကျဉ်းထောင် | ဦးစီးအရာရှိ<br>အင်းစိန်ဗဟိုအကျဉ်းထောင် |
| (၅) | က ၃၉၄၀ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးမြင့်ကြိုင်<br>မအူပင်အကျဉ်းထောင် | စခန်းတာဝန်ခံ<br>ဒွန်ဘန်စိုက်ပျိုးမွေးမြူရေးနှင့်<br>အသက်မွေးမှုအတတ်သင်စခန်း |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉၃/၂၀၂၆)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး (၅) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | က ၃၈၄၉ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးအောင်နိုင်ဦး<br>မကွေးဇဟိုအကျဉ်းထောင် | ဒုတိယတာဝန်ခံအရာရှိ<br>ပုသိမ်အကျဉ်းထောင် |
| (၂) | က ၃၇၄၈ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးစိုးသိန်းဦး<br>ကျောက်ဖြူအကျဉ်းထောင် | ဒုတိယတာဝန်ခံအရာရှိ<br>ကျောက်ဖြူအကျဉ်းထောင် |
| (၃) | က ၃၆၆၄ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးအောင်ဇော်လင်း<br>သာယာဝတီဇဟိုအကျဉ်းထောင် | စခန်းတာဝန်ခံ<br>ဘန်းကန်စိုက်ပျိုးမွေးမြူရေးနှင့်<br>အသက်မွေးမှုအတတ်သင်စခန်း |
| (၄) | က ၄၂၀၈ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးကျော်မင်းလတ်<br>ကျန်းမာရေးဌာန | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ဦးစီးမှူးရုံး |
| (၅) | က ၄၀၇၆ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးလှပို<br>ညောင်ဦးအကျဉ်းထောင် | ဒုတိယစခန်းတာဝန်ခံ<br>ထုံးဘို(၁)ကုန်ထုတ်စခန်း |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉၆/၂၀၂၆)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ရဲထောက်ပံ့ရေးဌာနကြီးသို့တွဲဖက်ထားသောအမှတ်(၃)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၄၇၀ ရဲမှူးကြီး ကျော်အေး အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပုဒ်မ ၃၉ (က) အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ ဩဂုတ်လ ၂၃ ရက်နေ့အထိခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေပုဒ်မ ၄၅ (က) နှင့် ၄၆ (က) (၁) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉၇/၂၀၂၆)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့တွဲဖက်ထားသောအမှတ်(၄)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၃၄၆၃ ရဲမှူးကြီး လှဘုန်းကျော် အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေပုဒ်မ ၃၉ (က) အရ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ဩဂုတ်လ ၁၈ ရက်နေ့အထိခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေပုဒ်မ ၄၅ (က) နှင့် ၄၆ (က) (၁) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၊ လေ့ကျင့်ရေးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော် အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးဌာန (ရုံးချုပ်)၊ အဆင့်မြင့်ဌာနခွဲသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၆)**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၊ စီမံရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးငြိမ်း အား လေ့ကျင့်ရေးဌာန၏ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(ည) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး (၁)
ပြည်ထောင်စုဝန်ကြီးရုံး (အမျိုးသားစီမံကိန်း)

(ဋ) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး (၂)
ပြည်ထောင်စုဝန်ကြီးရုံး (ရင်းနှီး/စီးပွား)

(ဌ) လက်ထောက်အတွင်းဝန် — တွဲဖက်အတွင်းရေးမှူး(၁)
ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်
သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး (အမျိုးသားစီမံကိန်း)

(ဍ) လက်ထောက်အတွင်းဝန် — တွဲဖက်အတွင်းရေးမှူး(၂)
ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်
သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး (ရင်းနှီး/ စီးပွား)

၂။ သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူလူထုမှ နားလည်သဘောပေါက်စေရန် သတင်းထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား အချိန်နှင့် တစ်ပြေးညီ ဖြေကြားနိုင်ရေးသတင်းများ ကြိုတင်စုဆောင်းခြင်း၊

(ဂ) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆလွဲမှားထွက်ပေါ်နေသည့် သတင်းများအပေါ် ပြန်လည်ချေပသည့် သတင်းမှန်များထုတ်ပြန်နိုင်ရေး အမြဲလေ့လာစောင့်ကြည့် သတင်းစုဆောင်း၍ ပြန်လည်သတင်းထုတ်ပြန်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အများပြည်သူ သိရှိနိုင်စေရေး သတင်းထုတ်ပြန်ပေးခြင်း။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်)

အမှတ် ၇၀။ ကယားပြည်နယ်ဥပဒေချုပ်ရုံး၊ ဒုတိယဦးစီးမှူး (ဥပဒေအရာရှိအဆင့်-၄) ဦးဝင်းမြတ်အောင် (ဥ/၃၉၆၂) အား တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ကယားပြည်နယ်ဥပဒေချုပ်၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားလိုက်သည်။

အမှတ် ၇၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်ဥပဒေရုံး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄) ဦးရှိုင်းဝဏ္ဏဖြိုး (ဥ/၄၁၁၈) အား ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လွင် ၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ဒုတိယဦးစီးမှူးအဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

အမှတ် ၇၂။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ လက်ထောက်တိုင်းဒေသကြီးဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၂) ဦးပိုင်ဟိန်းထွန်း (ဥ/၃၂၅၆) အား တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့် ၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်အမှတ် (၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

**သတင်းအေဂျင်စီလုပ်ငန်းများ ပိတ်သိမ်းခြင်း**

၁။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်းသို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့် ယခင်ကထုတ်ဝေခွင့်ပြုပေးခဲ့သော မြေလတ်အသံ (Myaelatt Athan)၊ Red News Agency နှင့် Asia Citizens (အာရှနိုင်ငံသားများ) သတင်းအေဂျင်စီတို့ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်သည်။

၃။ ယင်းသတင်းအေဂျင်စီများသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

## ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့အရ ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂)နှစ်သက်တမ်းရှိသော **ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်သည်-

(က) ဦးအေးကြွယ် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခ) ဒေါ်လဲ့နှင်းဇင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဦးအောင်မျိုးသိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေရေးရာနှင့် ပြည်သူ့ရေးရာဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ရဲမှူးကြီး လင်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စီမံရေးဌာန
ရဲဦးစီးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဦးစောဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(စ) ဒေါ်တင်တင်လှ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဆ) ဦးကြည်စိုးထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ဇ) ဦးမြင့်အောင် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၁)
မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)

(ဈ) ဦးလှမျိုး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို)
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ည) ဦးရဲလင်းမြင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ရုပ်ရှင်)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ထိန်လင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၉/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၂၆) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) (၂) ဦးတို့အား ညွှန်ကြားရေးမှူး (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်ဒေသ | တိုးမြှင့်ရာထူးဒေသ |
|---|---|---|---|
| ၁။ | ဦးရဲမြတ်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | ဖြည့်တင်းရေးဌာနခွဲ<br>ရုံးချုပ်<br>နေပြည်တော် | ညွှန်ကြားရေးမှူး (မြို့ပြ)<br>ညွှန်ကြားရေးမှူးရုံး<br>(ထိန်းသိမ်းရေးလုပ်ငန်း)<br>ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးမောင်မောင်မိုးညွန့်<br>ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ<br>ရုံးချုပ်<br>နေပြည်တော် | ညွှန်ကြားရေးမှူး (မြို့ပြ)<br>စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် |

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

### သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ သမဝါယမကဏ္ဍနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍလုပ်ငန်းတာဝန်များကို စနစ်တကျထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နှစ်အလိုက် သတ်မှတ်ထားသောစီမံကိန်းတာဝန်များ၊ နှစ်တိုနှစ်ရှည်စီမံကိန်းရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနှင့် စိစစ်မှုများ တာဝန်ယူညှိနှိုင်းဆုံးဖြတ်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ် | သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ် | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ် | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ် | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပါမောက္ခချုပ် | သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) | အဖွဲ့ဝင် |
| (ဇ) | ပါမောက္ခချုပ် | သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

## စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်ဝတ္တရားများ

၂။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် မိမိဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေးနှင့် ဌာနဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ညီညွတ်စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း စိစစ်ကြီးကြပ်မှုများ ပြုလုပ်သွားရန် ဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံ ဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအားလည်း လုပ်ငန်းအရတာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်၊

(ဂ) နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊

(ဃ) ဦးစီးဌာနများ၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(င) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(စ) မိမိ၏ဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြောင်းရွှေ့နေရာချထားခြင်း၊ အလုပ်မှ နုတ်ထွက်ခွင့်ပြုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းများအား အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ် များကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဇ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အပိုင်းတစ်ခုနှင့်တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှုမကျဆင်းစေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများရှာဖွေပြီး ပြုပြင်သင့်သည် များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ ပြည်ပပို့ကုန်သွင်းကုန်နှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ တင်ဒါဆိုင်ရာကိစ္စရပ်များ၊ ဌာနပိုင်/ ပုံသေပိုင်ပစ္စည်းများစာရင်းမှ ပယ်ဖျက်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

**အစည်းအဝေးခေါ်ယူကျင်းပခြင်း**

၃။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရန် လိုအပ်ချက်အပေါ် မူတည်ပြီး အစည်းအဝေးများကို အောက်ပါအတိုင်း ခေါ်ယူကျင်းပသွားရန် ဖြစ်ပါသည်-

(က) ကော်မတီ၏ ပုံမှန်အစည်းအဝေးများကို လစဉ်တတိယအပတ် သို့မဟုတ် ပြည်ထောင်စုဝန်ကြီး အခါအားလျော်စွာ သတ်မှတ်သည့် ရက်ပေါ်မူတည်၍ သတ်မှတ်သည့်ရက်သတ္တပတ်၌ ကျင်းပရမည်။

(ခ) လိုအပ်ချက်အရ အထူးအစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၄။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မျိုးဇော်သိမ်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**အငြိမ်းစားယူခွင့်ပြုခြင်း**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦး အား နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၆/၂၀၂၆ ဖြင့် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဆန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေး စိစစ်/ပေါင်းစပ်/ညှိနှိုင်း/ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရန် **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးထွန်းအုံ — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးမင်းမင်း — ဒုတိယဥက္ကဋ္ဌ (၁)
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ဦးဝင်းမြင့်ခိုင် — ဒုတိယဥက္ကဋ္ဌ (၂)
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန

(င) ဦးခင်မောင်လှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စားသုံးသူရေးရာဦးစီးဌာန

(စ) ဒေါက်တာ မိုးမိုးသွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မူပိုင်ခွင့်ဦးစီးဌာန

(ဆ) ဒေါက်တာ ထိန်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

(ဇ) ဦးအောင်သွင်ဦး — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(ဈ) ဦးအောင်မင်းသိုက် — တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်မှုဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ ပြင်ဆင်ခြင်းအပါအဝင် ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်း၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာန ရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်း၊ ပြည်တွင်း ပြည်ပမှ ပစ္စည်းများဝယ်ယူခြင်း ကိစ္စရပ်များတွင် ဈေးနှုန်းများ စိစစ်ခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းအရ အသုံးစရိတ်များကျခံခြင်းနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ညီညွတ်စေရေးကြပ်မတ်ရန်၊

(ဃ) ဝန်ကြီးဌာနတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ် လျာထားချက်ဘောင် အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(င) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ နိုင်ငံခြားတိုင်းပြည်များသို့ သင်တန်း၊ ဆွေးနွေးပွဲနှင့် ပညာသင်စေလွှတ်ခြင်း ကိစ္စရပ်များအပေါ် စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ဝန်ကြီးဌာနပိုင် မြေ၊ အဆောက်အဦ၊ အိမ်ရာများ လွှဲပြောင်းပေးခြင်း၊ လေလံတင် ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း၊ မမျှော်လင့်နိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် အထွေထွေ ကိစ္စရပ်များအပေါ် စိစစ်ဆုံးဖြတ်ခြင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ပါဦးစီးမှူး (၃) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဒေါ်အေးမိစံ ၈/စလန(နိုင်)၁၁၄၆၅၅

(ခ) ဒေါ်သူသူအောင် ၁၄/ကကထ(နိုင်)၁၅၀၂၉၅

(ဂ) ဒေါ်ခင်ခင်မြတ် ၁၄/မအပ(နိုင်) ၁၉၁၃၁၁

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၆)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်ပြုံးအေး [၈/ရစက(နိုင်)၁၂၅၂၃၀] အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန် **သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ**ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ည) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ဋ ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး (၁)
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ဌ ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး (၂)
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၂။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် အောက်ဖော်ပြပါကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သွားရန် ဖြစ်ပါသည်-

(က) ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်ဆိုင်ရာကိစ္စရပ်များနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊

( ခ ) ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာကိစ္စရပ်များ၊ အဆောက်အဦတည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ အဆောက်အဦဟောင်းများဖျက်သိမ်းရေး၊ ပြည်တွင်း ပြည်ပမှ ပစ္စည်းများ ဝယ်ယူရေး/ လေလံတင်ရောင်းချရေး/ တင်ဒါစသည့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊

( ဂ ) ဝန်ထမ်းများ၏ အလုပ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ ပင်စင်ခံစားခြင်း၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များနှင့် ထူးခြားဖြစ်စဉ်များ၊

(ဃ) ဝန်ကြီးဌာနနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းများအကြား နားလည်မှုစာချွန်လွှာ (MoU)၊ သဘောတူညီချက်မှတ်တမ်း (Memorandum of Agreement–MoA)၊ သဘောတူညီချက်စာလွှာ (Letter of Agreement–LoA)၊ ဆွေးနွေးမှုမှတ်တမ်း (Record of Discussion–RoD) စသည့် သဘောတူညီချက်စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးချုပ်ဆိုခြင်းဆိုင်ရာကိစ္စရပ်များ၊

( င ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရသောကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်နိုင်ရေးကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲရသောကိစ္စရပ်များ၊

( စ ) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၏ သင်တန်းနှင့် စာမေးပွဲဆိုင်ရာကိစ္စရပ်များ၊

(ဆ) ဌာနဆိုင်ရာ မြေယာလွှဲပြောင်း/လက်ခံခြင်းဆိုင်ရာကိစ္စရပ်များ၊

( ဇ ) အမျိုးသားအဆင့် ကောင်စီ၊ ကော်မတီ၊ ဆပ်ကော်မတီ၊ အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခြင်းကိစ္စရပ်များ။

၃။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ရက်သတ္တ (၂) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန် ဖြစ်ပါသည်။

၄။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၅၂/၂၀၂၃ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

### ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉၈/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(၁) ရန်ကုန် | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်း စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊

စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ အတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များ ညွှန်ကြားရန်၊

(ခ) ကော်မတီသည် စီမံကိန်းအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများတွင် သက်ဆိုင်ရာ လုပ်ငန်း အဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခြင်းနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို စဉ်ဆက်မပြတ် သိရှိဆောင်ရွက်သွားရန်၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာရေး ဆိုင်ရာအသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲမှုရှိစေရေး၊ လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်၊ အဆိုပြုချက်များကို အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်း (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်း ကိစ္စရပ်များအား ဈေးနှုန်းများစိစစ်ခြင်း လုပ်ငန်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(င) ဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ပတ်သက်သောကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(စ) ကော်မတီသည် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှု များကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေ သုံးစွဲရသော ကိစ္စရပ်များ၊ ဝယ်ယူရေး၊ တင်ဒါရွေးချယ်ရေးနှင့် လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက် သွားရန်၊

(ဇ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက် ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ် အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်၊

(ဈ) စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကျင်းပရာတွင် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် သင့်လျော်သည့်ပုဂ္ဂိုလ်များကို အထူးဖိတ်ကြားဆောင်ရွက်ရန်။

၃။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ရက်သတ္တ (၂) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ဖြင့် အသက် (၆၂) နှစ်ပြည့်ပြီးသည့် နောက်တစ်နေ့မှစ၍ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တစ်နှစ်ဆက်လက်ခန့်ထားခဲ့သော ဒေါက်တာ စုစုဒွေး အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၁၉/၂၀၂၆ ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါသဖြင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**အားကစားရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ အားကစားရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| ( စ ) | ဒုတိယအမြဲတမ်းအတွင်းဝန် | တွဲဖက်အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်-

(က) ဝန်ကြီးရုံးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနများ၏ ဆောင်ရွက်ချက်များသည် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များ ညွှန်ကြားရန်၊

( ခ ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲမှုရှိစေရေး၊ လျာထားချက်ဘောင်အတွင်းမှ သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်၊ အဆိုပြုချက်များကို အသေးစိတ်စိစစ်ဆန်းစစ်မှုများပြုလုပ်သွားရန်၊

(ဂ) နိုင်ငံတော်၏ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ဝန်ကြီးဌာနရန်ပုံငွေမှသုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များ အရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် လေလံတင်ရောင်းချ ခြင်းများ ဆောင်ရွက်ရာ၌ တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်းဆောင်ရွက်ပြီး ကော်မတီသို့ တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ် ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(င) ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်း များ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊

(စ) ကော်မတီသည် စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် လေ့လာသုံးသပ်၍ နည်းလမ်းများ ရှာကြံကာ ပြုပြင်သင့်သည် များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တာဝန် ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာနအလုပ်အမှုဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးကို ရက်သတ္တ (၄) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန်ဖြစ်သည်။

၄။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/ ၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ရဲမြင့်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၄ ရက်)

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအရ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ကိုယ်ရေးအရာရှိအဖြစ် ဦးထွန်းထွန်းလွင် [၁၂/မဂဒ(နိုင်)၀၉၉၃၂၁] အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်အပ် တာဝန်ပေးအပ်လိုက်သည်။

မောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူငယ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

**ကိုယ်ရေးအရာရှိခန့်ထားခြင်း**

၁။ လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၉၅,၀၀၀ိ/-) ရာထူးနေရာတွင် ဦးဝေယံမင်းထက် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၉/သစန (နိုင်) ၁၁၈၇၄၈] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ မောင်သင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၉၅,၀၀၀/-) အဖြစ် စောထူးအယ်စိုး [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/မဘန (နိုင်) ၂၀၃၉၈၀] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)**

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၉၅,၀၀၀/-) အဖြစ် ဦးထွန်းထွန်းလင်း [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၇/ဖမန (နိုင်) ၀၀၃၆၉၉] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

သန်းမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့၊ ဦးစီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော် အား ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) အဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ကိုယ်ရေးအရာရှိ ခံစားခွင့်ရှိသော အမြင့်ဆုံးလစာနှုန်း ၃၂၈,၀၀၀/- ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ခွင့်ပြုရန်ပုံငွေစာရင်းမှ ထုတ်ယူခွင့်ပြုလိုက်သည်။

နိုင်သက်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

**အမိန့်အမှတ် (၀၁၈/၂၀၂၆)**

မန္တလေးမြို့၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၆)၊ ဆုံးဖြတ်ချက်အပိုဒ် - ၂၀ (ဃ) အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးကျော်သူဝင်း၊ ဒုတိယဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) (အင်/ယာ)အားလစ်လပ်လျက်ရှိသော ဌာနမှူး (ညွှန်ကြားရေးမှူး) (အင်/ယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ လုပ်ငန်းတာဝန်များစတင်ထမ်းဆောင်သည့် နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

မျိုးအောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်များ၊ အာမခံချက်များ၊ တာဝန်ခံချက်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ တို့အရ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး၊ တိုင်းဒေသကြီး

အစိုးရအဖွဲ့၏ကတိကဝတ်များ၊ အာမခံချက်များ၊ တာဝန်ခံချက်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ကော်မတီကို အောက်ပါလွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးကျော်ကျော်စိုး | မဲဆန္ဒနယ်အမှတ် (၁)၊ မြောက်ဥက္ကလာပမြို့နယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခင်မြတ်စု | သုံးခွမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်သီသီမွန် | ကမာရွတ်မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးညီညီသွယ် | လမ်းမတော်မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတင်လင်း | ကွမ်းခြံကုန်းမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးသော်တာ | မဲဆန္ဒနယ်အမှတ်(၂)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းဦး | မဲဆန္ဒနယ်အမှတ်(၃)၊ ဒလမြို့နယ် | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဗိုလ်မှူးကြီး သက်တင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်မှူး ဖြိုးသူရကျော် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ည) | ဗိုလ်ကြီး ဒေါ်ဝင်းရွှေစင်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခိုင်ဆုရည်ဇော် | မဲဆန္ဒနယ်အမှတ်(၁)၊ ဗဟန်းမြို့နယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီအစည်းအဝေးများ**

၃။ ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်းကျင်းပရမည်-

(က) ခန့်အပ်ထားသော ကော်မတီဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ထက်မနည်း တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ခ) အပိုဒ်ခွဲ (က)အရ တက်ရောက်ရမည့် ကော်မတီဝင်ဦးရေမပြည့်လျှင် ပြည့်သည်အထိ ကော်မတီဥက္ကဋ္ဌက အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းထားနိုင်သည်။

(ဂ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီ၏ဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်သော ကော်မတီဝင်သည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) မဲဆန္ဒယူရာ၌ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲ မပေးရ။ ဆန္ဒမဲတူညီနေလျှင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အနိုင်မဲပေးရမည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများကို စနစ်တကျစုစည်း၍ မှတ်တမ်းပြုစုထားရှိရမည်။

(ခ) တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ကျင်းပသည့်အခါဖြစ်စေ၊ လွှတ်တော်လုပ်ငန်းများဆောင်ရွက် သည့်အခါဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်များကို စိစစ်မှတ်တမ်းတင်ရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းကို သတ်မှတ်ပုံစံ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း နှင့်အညီ ဆောင်ရွက်ရမည်။

၅။ ကော်မတီသည်တိုင်းဒေသကြီးလွှတ်တော်တွင်တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်-

(က) တိုင်းဒေသကြီးအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးကြောင်း။

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း ဆောင်ရွက်ပြီးခြင်း ရှိ မရှိ နှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ မရှိ။

၆။ ကော်မတီသည်မိမိထံလွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေးဆောင်ရွက်ရမည်-

(က) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသော အချက်များကိုအခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(ခ) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဂ) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကမည်သို့အရေးယူသင့်ကြောင်းကိုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) အပိုဒ်ခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင်ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်ကမည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

၇။ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ပါအတိုင်းတင်ပြရမည်-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၁၁ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်က လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

၈။ ကော်မတီကစိစစ်ပေးရန်လိုအပ်သော ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင်လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ပြန်လည်တင်ပြရမည်။

၉။ ကော်မတီသည် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီသက်တမ်း တစ်နှစ်ပြည့်မည့်ကာလနှင့် အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရမည်။

၁၀။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်းပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းသော အစီရင်ခံစာများကို လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၁၁။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကဖြစ်စေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ကော်မတီသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၃။ ကော်မတီဝင်များသည် မိမိကော်မတီ၏လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိသည်။

(ဂ) ကော်မတီသည် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်း အရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက် ဖြင့် ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများ တင်ပြစေခြင်း ပြုနိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်း များသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည် ဟူသောအကြောင်းပြချက်ဖြင့် တိုင်းဒေသကြီးအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

၁၄။ ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် တိုင်းဒေသကြီး အတွင်း လိုအပ်သည့်နေရာများသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သွားရောက်ကွင်းဆင်းကြည့်ရှုနိုင် သည်။ ထိုသို့ကွင်းဆင်းကြည့်ရှုပြီး လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၁၅။ ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအရ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက် များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးနေမှုအပေါ် ပြင်ဆင်ရန်လိုအပ်ပါကသုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာနေရာတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

၁၈။ ကော်မတီဝင်များသည်–

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းနှင့် တရားရုံးတစ်ခုခုတို့က သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းတို့မှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါကပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏သက်တမ်း**

၁၉။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၂၀။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ အဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း**

၂၁။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် လွှတ်တော် ဥက္ကဋ္ဌသည်–

(က) လွှတ်တော်အစည်းအဝေးကျင်းပသည့် ကာလဖြစ်ပါက လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက် နိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလဖြစ်ပါက လိုအပ်သလိုဆောင်ရွက်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

ဌေးအောင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၊ ရေကြည်မြို့နယ်မဲဆန္ဒနယ် (မဲအများဆုံးရသူ အနိုင်ယူစနစ်)မှ ရေကြည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မောင်ဝင်း သည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၈/၂၀၂၆ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသဖြင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၁၊ နည်းဥပဒေခွဲ (က) တို့အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ဥပဒေနှင့်အညီ နုတ်ထွက်ပြီးဖြစ်သောကြောင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ (က) အရ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ရေကြည်မြို့နယ်မဲဆန္ဒနယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မှ ဦးတင်မောင်ဝင်း၊ ရေကြည် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ၏ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း ကြေညာ အပ်ပါသည်။

သိန်းထွန်း
ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**ကိုယ်ရေးအရာရှိ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉၆/၂၀၂၆ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ယာယီတွဲဖက် တာဝန်ထမ်းဆောင်စေလိုက်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဖွဲ့ တွဲဖက်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုမြင့် (၁၂၁၈၉) အား မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၃၂၈,၀၀၀/- ကို ခံစားခွင့်ပြုလိုက်ပြီး ၎င်း၏ ခံစားခွင့်များဖြစ်သည့် လစာနှင့်စရိတ်၊ ခွင့်နှင့် ရာထူးတိုးမြှင့်ခြင်းတို့အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**ကိုယ်ရေးအရာရှိ ခန့်ထားခြင်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (နေပြည်တော်) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟ၊ လစာနှုန်း (၃၀၈,၀၀၀- ၄,၀၀၀-၃၂၈,၀၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် ၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

အမှတ် ၉၁/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | မောင်နိုင် | ကြည်း ၈၂၁၄၇ | ၁၃–၄–၂၀၂၆ |
| (၂) | လှရွှေ | ကြည်း ၈၂၁၄၈ | ၁၄–၄–၂၀၂၆ |
| (၃) | ဇော်အောင် | ကြည်း ၈၂၁၄၉ | ၁၅–၄–၂၀၂၆ |

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

အမှတ် ၉၂/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | |
|---|---|
| တင်ထွန်းဦး | ကြည်း ၈၂၁၅၀ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဦးထွန်းအိုရပ်ကွက်ရှိ Taung Pyar Dan Co.,Ltd ၏ ဆိပ်ကမ်းအား ပြည်ပမှ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား တင်သွင်းရန်နှင့် ပြည်ပသို့ ဆန်၊ ပြောင်း၊ ပဲမျိုးစုံကဲ့သို့သော ပို့ကုန်ပစ္စည်းများ တင်ပို့နိုင်ရန်အတွက် ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းနေရာအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့အထိ (၆) လ သတ်မှတ်လိုက်သည်။

**အမိန့်အာဏာ။** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်စွဲပါ စာအမှတ်၊ ဘခ-၃/၄/၁၅ (၁၆၃၅/၂၀၂၆)

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၅၁၆-က)၊ ဦးပိုင်အမှတ် (၃၂/၁၂၄) ရှိ **မြေဧရိယာ ၁.၅၆ ဧက** အား **ပြည်လုံးချမ်းသာပရဟိတမိဘမဲ့ကျောင်းတိုက်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၅၉၄၊ မြောက်ဥယျာဉ်အချပ်-၁၅)၊ ဦးပိုင်အမှတ် (၆) ရှိ **မြေဧရိယာ ၀.၁၅ ဧက** အား **ပညာရောင်ခြည်ကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### M9 PUBLIC Company Limited

### ကုမ္ပဏီအမျိုးအစား ပြောင်းလဲကြောင်းကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၅၈ (ခ) ကိုလိုက်နာ၍ အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အမ် ၉ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ်မှ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီအဖြစ်သို့ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကုမ္ပဏီများဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ကြောင်းနှင့် မှတ်ပုံတင်အရာရှိသည် တင်ပြသည့်လျှောက်ထားမှုကို လက်ခံကျေနပ်ပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

Myo Min Aung
Director
M9 Public Company Limited

M9 Public Company Limited ၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေသဥ္ဇာခိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်–၄၈၇၁၈)
အမှတ်(B–3)၊ အခန်း(105)၊ သပြေလမ်း၊ ရွှေခင်းသာအိမ်ရာ၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉–၇၇၀၆၁၉၁၁၅

ပ၊ ထ၊ န – အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၂၃၀/ ၅–၆–၂၀၂၆။